

CamScanner



# နှင်းလားဟဲ့ဂျပန် (၁၃)

● မီအိုက အိအိချော

ဂျပန်ရောက်လာသူများက ပြောကြသည်။ ဂျပန်သည် မြန်မာပြည်မှာထက် ဖိစီးမှုတွေ များသည့်နေရာဖြစ်သည်ဟူ၍။ သည်တော့ ဖိစီးမှုဟု ဆိုရာဝယ် ဘယ်လိုဖိစီးမှုမျိုးပါလဲ။ ဘာကြောင့် ဖိစီးမှုတွေဖြစ်ရပါသလဲ။ အဲဒီဖိစီးမှုတွေကြောင့် ဘယ်လိုခံစားရပါသလဲ။ သည်လိုဖိစီးမှုတွေ ခံစားရသည့်အခါမျိုးတွေမှာ ဘယ်လိုပြေပျောက်အောင် လုပ်ရမလဲဆိုသည့်အပိုင်းလေးကို နည်းနည်း ပြောပြချင်ပါသည်။ ကျွန်မတို့ဂျပန်နိုင်ငံကို ရောက်လို့ လေဆိပ်ကနေ ထွက်ပြီး ဂျပန်မြေပေါ် ခြေချလိုက်ပြီဆိုတာနှင့်တပြိုင်နက် ငါကွဆိုသည့် ဘဝင်လေးနှင့်အတူ လူက နည်းနည်းစိတ်ကြီး နည်းနည်းစဝင်ပါတော့သည်။ ဖြစ်မယ်ဆိုလည်း ဖြစ်လောက်စရာပါ။ ကျွန်မတို့မြန်မာနိုင်ငံမှာ မြို့တော်ရန်ကုန်နှင့်နေပြည်တော် ဘယ်မှာမှာမှ မတွေ့နိုင်သည့် ရင်သပ်ရှုမောဖွယ်ရာ ခမ်းနားသည့် မြင်ကွင်းများက ကြည့်လေရာရာ အထူးအဆန်းချည်းပဲဖြစ်လို့နေသည်။ ကောင်းကင်ကအစ မတူ ဂျပန်ကောင်းကင်က ပိုပြာတယ်တွေဘာတွေဖြစ်ကုန်သည်။ ဟုတ်တော့လည်းဟုတ်ပါသည်။

ဂျပန်မှာက ဘယ်ကိုပဲ ကြည့်လိုက်ကြည့်လိုက်သန့်ရှင်းပြီးလှပနေသောကြောင့်အဆောက်အဦများဆိုလျှင်လည်းအခုမှဆောက်ပြီးထားသလိုလို အားလုံးအသစ်တွေလိုလို ခံစားကြရပါသည်။ ဒါကတော့ သူတို့၏နည်းပညာနှင့် ထိန်းသိမ်းမှု၊ သန့်ရှင်းမှုနှင့် ကျွန်မတို့နိုင်ငံနှင့်ယှဉ်လိုက်လျှင် ဖုန်ထူမှု နည်းပါးတာတွေကြောင့်လည်း ဖြစ်ပါသည်။ ဒါတင်မက ဂျပန်လူမျိုးများ၏ သန့်ရှင်းရေးကို စနစ်တကျလုပ်တတ်သော သန့်ရှင်းမှုကို အဓိက ဦးစားပေးပြီး အလေးထားတတ်သော အလေ့အထနှင့် စိတ်ဓာတ်ကြောင့်လည်း ဖြစ်ပါသည်။ ကြုံကြိုက်တုန်း ဂျပန်လူမျိုးများ၏ သန့်ရှင်းရေးလုပ်သည့်အခါ လုပ်ပုံလုပ်နည်းလေးအနည်းငယ်ကို မိတ်ဆက်ပေးလိုပါသည်။ ဂျပန်လူမျိုးတွေ သန့်ရှင်းရေးလုပ်သည့်အခါမှာ အခြေခံအကျဆုံး အချက်ကတော့ အပေါ်ပိုင်းတွေကို အရင်ဆုံး လုပ်ပြီးတော့မှ အောက်ကြမ်းပြင်ကို လုပ်ရပါသည်။ နောက်တစ်ခုက သူတို့အခေါ် ဆိုးခင်း (အဝတ်စုတ်ကို လေးခေါက်ညီညီညာညာခေါက်ပြီးမှ မျက်နှာပြင်တစ်ဘက်နှင့်တိုက်ပြီး ညစ်ပေသွားလျှင် နောက်တစ်ဖက်နှင့်တိုက် အားလုံးမျက်နှာပြင်ရှစ်ဖက်ကို လှည့်ပြီးတိုက်လို့ပြည့်သွားပြီး အဝတ်စုတ်လည်း လှည့်စရာမျက်နှာပြင် မရှိတော့ဘူးဆိုမှ အဝတ်လျှော်စက်ထဲ ထည့်လိုက်ခြင်းပဲဖြစ်ပါသည်။ ဘယ်လောက်များ စနစ်ကျလိုက်ပါသနည်း။ အတုယူဖို့ကောင်းလှပါသည်။ ဒါကတော့ ကျွန်မသူဌေး ကျွန်မကို ကိုယ်တိုင်လုပ်ပြ သင်ပြပေးခဲ့သောကြောင့် ဖြစ်ပါသည်။ ကျွန်မလုပ်နေသည့်အလုပ်ထဲမှာဆိုလျှင်လည်း အလုပ်ကလေးနည်းနည်းပါးသွားတာနှင့် ဆိုးဂျိ (သန့်ရှင်းရေး) လုပ်ဖို့ကိုပဲ သူတို့စဉ်းစားကြပါသည်။

အလုပ်ခွင်ထဲမှာဆိုလျှင်လည်း အစားအသောက်နှင့်ပတ်သက်သည့် လုပ်ငန်းမျိုးဆိုလျှင် ဆံပင်အမျှင် မကျရအောင် ဆံပင်ကို သေချာကျစ်ကျစ်ပါအောင် ထုံးရစ်သာမက ခေါင်းစွပ်ကို သေချာစွပ်ပြီး အလုပ်မဝင်ခင်မှာ တစ်ကိုယ်လုံးကို ကော်ပါသည့် စက္ကူဒလိမ့်တုံးလေးနှင့်လိမ့်၍ ဆံပင်စနှင့် ဖုံစသည်တို့ကပ်ညိမနေအောင် အရင်သန့်ရှင်းရေးလုပ်ပြီးမှ အလုပ်ခန်းထဲသို့ ဝင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့အစားအသောက်တွေထဲမှာ ဆံပင်တစ်မျှင်ပါသွားပြီဆိုတာနှင့် သူတို့ ပြောပြောနေသည့် ပြဿနာကြီးဖြစ်သွားနိုင်သောကြောင့်ပဲ ဖြစ်ပါသည်။ ဒါတင်မက သူတို့ဆီမှာက ဘာလေးပဲလုပ်လုပ် အချိန်ကုန်သက်သာပြီး အလေအလွင့်ကိုလည်း ထိန်းချုပ်နိုင်မည့် Shortcut Key လေးတွေ နေရာတိုင်းမှာရှိသည်။ ဥပမာဆိုပါတော့ ကျွန်မက ပစ္စည်းများထားသည့်စတိုခန်းထဲမှာ လိုချင်တာလေးတစ်ခုထဲကိုပဲ တစ်ကြိမ်မှာ တစ်ခုနှင့် နှစ်ကြိမ်လောက်သွားယူလိုက်ပြီဆိုလျှင် သည်လိုမျိုးကို နှစ်ခါသုံးခါလောက်လုပ်နေတာကို သတိပြုလိုက်မိပြီဆိုပါက သူတို့က သည်လိုပြောပါလိမ့်မည်။ အခုလောလောဆယ်မသုံးမဖြစ်လို့ နေလို့ရသေးတဲ့ ပစ္စည်းတွေဆိုရင် ချက်ချင်းသွားမယူသေးဘဲ စာရင်းလေးနှင့် တေးမှတ်ထားပါ။ အနည်းဆုံးသုံးခုလောက်ရပြီဆိုမှ သွားပါ ဒါတင်မက သွားရင်းနှင့် အနီးအနားမှာ တစ်ခုခုပြန်ထားရမည့်အရာများကိုပါ တလက်စတည်းယူသွားပါ။ သည်တော့အနည်းဆုံးငါးခေါက်အသွားအပြန်ဆိုဆယ်ခေါက်စာ အချိန်ကို တစ်ခေါက်ထဲနှင့် ကိစ္စတော်တော်များများပြီးအောင် လုပ်နိုင်သည့်အပြင် အချိန်ပိုလည်း ပိုထွက်လာပါလိမ့်မည်။ လူပင်ပန်းလည်း သက်သာပါသည်။

သည်လိုဖြစ်အောင်မြင်အောင် ကြည့်ပြီး စဉ်းစားရင်းနှင့် စီစဉ်ပါတဲ့။ ကျွန်မလည်း ရောက်ခါစကတစ်ခုလိုလျှင်တစ်ခုသွားယူလိုက်ဖို့ခြေလှမ်းတွေ မကြာခဏဆိုသလို ပြင်မိလိုက်သော်လည်း နောက်ပိုင်းတော့ သူတို့ပြောသည့်တလက်စတည်း

CamScanner

**"**

**ဂျပန်လူမျိုးတစ်ယောက်အတွက် အခြေအနေတစ်ရပ်အပေါ်မှာ ဘယ်လိုဖြစ်လာလျှင် ဘယ်လိုတုံ့ပြန်ရမလဲဆိုသည့်စွမ်းရည်က သူ့ အလိုလိုနေရင်း မြင့်မားပြီးသားဖြစ်သည်။**

ဆိုသည့်စကားလုံးလေးနှင့် အတော်လေးကို နေသားကျသွားခဲ့ရပါသည်။ နောက်တစ်ခုက ဂျပန်နိုင်ငံဆိုတာက ပင်လယ်ဝိုင်းရံထားပြီးမီးတောင်ကြီးပေါ်မှာတည်ဆောက်ထားသည့်တိုင်းပြည်ဟုတင်စားကြသည်နှင့် လျော်ညီစွာ လျောင်ဘေး ဆူနာမီဘေးစသည့်သဘာဝဘေးအန္တရာယ်တွေကို အမြဲသတိမပြတ်ထားနေရသည့်တိုင်းပြည်။ သည်တော့ သူတို့ဆီမှာက အမြဲအာရုံတွေက နိုးကြားသည်။ သတိက အမြဲရှိသည်။ ဘာဖြစ်လာလျှင် ဘာလုပ်ရမည်ဆိုသည်ကိုလည်း ငယ်ငယ်လေးထဲက ကျောင်းတွေမှာ လေ့ကျင့်ပေးခံထားရပြီးဖြစ်သောကြောင့် ဂျပန်လူမျိုးတစ်ယောက်အတွက် အခြေအနေတစ်ရပ်အပေါ်မှာ ဘယ်လိုဖြစ်လာလျှင် ဘယ်လိုတုံ့ပြန်ရမလဲဆိုသည့်စွမ်းရည်က သူ့ အလိုလိုနေရင်း မြင့်မားပြီးသားဖြစ်သည်။ သည်တော့ တစ်ခုခုလုပ်ပြီဆိုသည်နှင့် ဖြစ်လာနိုင်သည့်အန္တရာယ်ကိုပါ ကြိုတင်တွက်ဆပြီး အဲဒီအတွက်ကိုပါ ထည့်သွင်းစဉ်းစားထားပြီးဖြစ်ပါသည်။

ဥပမာပြောရမည်ဆိုပါလျှင် မြေအောက်ရထားလိုင်းတွေမှာ အရေးပေါ်လျှင် ပြေးနိုင်ဖို့အတွက် ထွက်ပေါက်ရှိရာဆီသို့ ကြမ်းပြင်မှာ နံရံတွေပေါ်မှာ ပြေးရမည့်လားရာဘက်ကို ဦးတည်ပြီး လူတစ်ယောက်ပြေးနေပုံလေးနှင့် လမ်းညွှန်ပြထားတတ်ကြပါသည်။ သည်တော့ တစ်ခုခုဆိုလျှင် မြေပုံတွေ ဘာတွေရှာဖို့အချိန်မရတော့ရင်တောင်မှပူစရာမလို ထွက်ပေါက်ရှိရာဆီသို့ ထိုမြားပြထားသည့်အရုပ်ကလေးအတိုင်း ပြေးထွက်ဖို့ပဲဖြစ်ပါသည်။ ကျွန်မတို့နိုင်ငံမှာက သည်လောက်အထိထည့်သွင်းစဉ်းစားကြသည့်အလေ့အထက နည်းပါးခဲ့သည့်အတွက် နောင်ဖြစ်လာမည့် အန္တရာယ်ဆိုသည့်အရာကို ကြိုတင်စဉ်းစားထားသည့်အလေ့အကျင့်က နည်းပါးနေပါသေးသည်။ သည်တော့တစ်ခုခုလုပ်ပြီဆိုသည်နှင့် သူတို့လုပ်ပုံလုပ်နည်းအပေါ်မှာ မြင်အောင်ကြည့်နိုင်ဖို့ဆိုတာ သူတို့ဘယ်လိုတွေးသလဲ ဘာကြောင့်သည်လိုတွေးရသလဲဆိုတာကို နားလည်ပါမှ သြော် ဒါကြောင့်ဒီလိုလုပ်ကြတာပါလားဆိုတာကို သဘောပေါက်မည်။

သဘောပေါက် နားလည်ပြီးနောက်တစ်ဆင့်မှာမှ သူတို့လုပ်သည့်အတိုင်းလိုက်လုပ်နိုင်မည်။ သည်လိုလုပ်နိုင်သွားအောင် အရင်ကြိုးစားပြီးကာမှ နောက်တစ်ဆင့်တက်ပြီး သူတို့လိုချင်သည့်အနေအထားမျိုး ရောက်အောင် ကြိုးစားကြရသည်။ သည်တော့ ကျွန်မတို့မှာ သူတို့လူမျိုးက တစ်ဆင့်လောက် ဖြတ်ရသည့်ဂိတ်ကို ကျွန်မတို့က သုံးဆင့်လောက်ဖြတ်ရပါသည်။ သည်လိုဖြတ်သန်းနေရသည့်အချိန်ကာလအတောအတွင်းမှာ ကျွန်မတို့ကို နားလည်ပေးပြီး လက်တွဲခေါ်ယူနိုင်စွမ်းသော စီနီယာများ အလုပ်ရှင်များနှင့် တွေ့ပါက စိတ်သက်သာရာရမည် ဖြစ်သော်လည်း ကံမကောင်းအကြောင်းမလှစွာ ဒါလေးတောင်မှမသိဘူးလား ဒါလေးတောင် နားမလည်ဘူးလားဆိုသည့်စီနီယာများနှင့်တွေ့ပါက နောက်တစ်နေ့မှာအလုပ်မသွားချင်လောက်အောင်ကို ကျွန်မတို့ခံစားကြရပါတော့သည်။

ဆိုလိုတာက မြန်မာနိုင်ငံမှာ ကိုယ်တွေးခေါ်လုပ်ကိုင်နေထိုင်ခဲ့သည်များနှင့် လားလားမှမသက်

ဆိုင်သောအတွေးအခေါ် အယူအဆ အလုပ်လုပ်ပုံနည်းစနစ်တွေ ကွာခြားလွန်းသောကြောင့် ကိုယ့်ကိုကိုယ်သေလူတစ်ယောက်လို သုညမှ ပြန်စကြရသည်။ နေသားမကျသေးခင်ကာလမှာ ကိုယ့်အတွေးနှင့် သူ့အတွေး ညှိယူလို့မပြီးသေးခင်အချိန်အထိမှာ ကျွန်မတို့ဖိစီးမှုတွေ၊ သောကတွေနှင့် အလုပ်သွားရမှာ တခါ တခါသေလောက်အောင် စိတ်ညစ်မိသည့်အချိန်မျိုး ကြုံဖူးသူများ ကြုံဖူးကြပါလိမ့်မည်။ အဲဒီအဆင့်မှာ တန်းချောတို့ ဆန်းပိုင်းတို့က တစ်စက်ကလေးမှ မျက်နှာသာမပေးရှိသမျှ မူလီအရစ်နောက်ဆုံး တစ်ထစ်မရောက်ခင်အထိ ချော့တစ်ခါ မြှောက်တစ်လှည့် ဟောက်တလှည့်နှင့် ဘက်ပေါင်းစုံက စောင့်ကြည့်ပြီး ဘက်ပေါင်းစုံကနေ အသေရစ်ပြပါလိမ့်မည်။ အဲဒီအချိန်ကာလတစ်ခုကို စိတ်ဓာတ်ခိုင်ခိုင်မာမာနှင့် အောင်အောင်မြင်မြင်ဖြတ်သန်းသွားနိုင်ပြီဆိုပါလျှင် သူတို့ သင့်ကို ကြပ်ထားသမျှ၊ ရစ်ထားသမျှ တစ်ထစ်ချင်း နည်းနည်းစီ ပြန်လျှော့ရင်း လွှတ်ပေးကြည့်သည်၊ သည်အဆင့်အထိ မရောက်ခင်ကတော့တဝကြီး တွေ့ရကြုံရပါလိမ့်မည်။

လုပ်ငန်းခွင်နှင့်ပတ်သက်သည့်ဖိစီးမှု။ နောက်တစ်ခုက ဘာသာစကားအခက်အခဲ ဥပမာ Docomoမှာ အရစ်ကျငွေချေသည့်စနစ်နှင့် ဖုန်းဝယ်ပြီဆိုပါတော့ ဆိုင်အရောင်းဝန်ထမ်းက အမြှုပ်ထွက်အောင် အပြုံးချိုချိုလေးနှင့် ရွှန်းရွှန်းဝေအောင် ရှင်းပြပြောပြပါလိမ့်မည်။ အဲဒီအချိန်မှာ အကုန်နားလည်သည်လည်းရှိ နားမလည်သည်လည်းရှိ။

သည်တော့ ကိုယ်က နောက်တစ်ခေါက်ပြန်မေးလို့ ပြန်ရှင်းပြပေးလို့ နားလည်သည်များလည်းရှိသလို ဘယ်နခါပြောပြော နားမလည်နိုင်သည့် အသုံးအနှုန်းမျိုးများလည်း ပါလာပြီဆိုပါလျှင် ဘာမှမတတ်နိုင်။ အရေးကြီးသည့်ငွေရေးကြေးရေး ကိန်းဂဏန်းများကိုသာ သေချာအောင် စိစစ်စဉ်းစားပြီး ကိုယ်တတ်နိုင်သမျှ နားလည်အောင်ကြိုးစားရုံမှတပါး အခြားမရှိပါ။ ဖြစ်နိုင်မည်ဆိုပါလျှင် ဂျပန်စကားဖော်သည့် စီနီယာများကို ခေါ်သွားသင့်ပါသည်။ သည်လိုမှမဟုတ် မိမိတစ်ယောက်ထဲ သွားမိသည့်အထဲမှာမှ ဘယ်လိုရှင်းပြရှင်းပြ သိပ်နားမလည်နိုင်ဖြစ်နေသည့်အနေအထားမျိုးဆိုပါလျှင် ပြန်လည်တုံ့ပြန်ခံလိုက်ရသည့်အနေအထားတစ်ခုက ရင်ထဲမှာ တနုံ့နုံ့နှင့် ဖိစီးပါတော့သည်။ ဒါကလည်း ဖိစီးမှုတစ်ခု။ ဒါတင်မက ခန်းဂျီးတွေ ပြွတ်ခဲနေအောင်ရေးထားသည့် သူတို့၏ညွှန်ကြားချက်စာတွေ လိုက်နာရမည့်စည်းကမ်းတွေ၊ လုပ်ဆောင်ရမည့်အကြောင်းအရာမျိုးတွေအပေါ်မှာ သေချာနားမလည်ဖြစ်ရသည့်အခါမျိုးမှာတော့တော်တော်လေးစိတ်ညစ်ရသည့်အခါမျိုးလည်း ရှိတတ်ပါသည်။

အလုပ်ခွင်ထဲမှာဆိုလျှင်လည်း ရုတ်တရက်သူတို့ပြောသည့်စကားကို နားမလည်လိုက်သည့်အခါမျိုးတွေမှာ အမှားများ လုပ်လိုက်မိမှာလားဟုတ်ရောဟုတ်ရဲ့လားဆိုသည့်အတွေးတွေနှင့် ဖိစီး၊ မြန်မာပြည်မှာ စီဒီထဲက ချောကိုင်းလေ့ကျင့်ခန်းလောက်သာ လေ့ကျင့်ခဲ့သူအဖို့ကတော့ အပြင်မှာ အရှင်လတ်လတ်ကြီး ဂျပန်တွေနှင့်နဖူးတွေ့ဒူးတွေ့တွေ့သည့်အခါမျိုးတွေမှာ ပထမဆုံးကိုယ့်နားအပေါ် ကိုယ် ယုံကြည်မှုမရှိသေးသရွေ့တော့ ဒါသည် ကြီးမားသည့်အခက်အခဲတစ်ခုဟုခံစားကြရသည်။ ဒါကတော့ ဘာသာစကားအခက်အခဲကြောင့် ဖိစီးမှု။

နောက်တစ်ခုက ကိုယ့်တိုင်းကိုယ့်ပြည်မဟုတ်သည့် နေရာတစ်ခုမှာ နေနေရသည့်အတွက် သူများအိမ်မှာ ဧည့်သည်လာလုပ်နေရသလိုခံစားနေရမှုမျိုးနှင့်စိတ်မလုံခြုံမှုဒါသည်လည်း ဖိစီးမှုတစ်ခု။ မိုးလင်းက မိုးချုပ် မြန်မာစကားမကြားရသည့်အပြင် အေးစက်စက်နှင့်ကျောက်ရုပ်မျက်နှာကြီးတွေလို ကိုယ်နှင့်ဘာသာစကား

လူမျိုးချင်းမတူသည့်သူများကြားမှာ နေထိုင်ရှင်သန်သွားလာလှုပ်ရှားရသည့်အခါ တခါတခါအထီးကျန်သည့်စိတ်က ဖိစီးသည်။ သည်တော့ ကိုယ့်တိုင်းကိုယ့်ပြည်ကို လွမ်းသည် မိသားစုကို လွမ်းသည်။ တခါတခါတရေးနိုး အိပ်ယာထဲက ယောင်ယမ်းပြီးထလာချိန် ကိုယ့်ကိုယ်ကို ဘယ်မှာလဲဟူသော ခံစားချက်မျိုးမြန်မာပြည်မှာများလားဟုတွေးလိုက်မိသော်လည်း ပြတင်းတံခါး ဖွင့်ကြည့်သည့်အခါ ဘာရယ်မဟုတ် ကြေကွဲမိပြန်သည်။ တခါတခါ အိမ်မက်ကနိုးလာသည့်အခါမျိုးတွေမှာ အူတွေ အသည်းတွေထဲက ယားလာအောင်ကို မြန်မာပြည် ပြန်ချင်သည်။ ဖြစ်ချင်ရာ ဖြစ် ငါပြန်ကိုပြန်တော့မယ်ဟုတွေးမိသည်က အကြိမ်ပေါင်းများစွာ။

ဒါကတော့ Home sick သည်တော့ ဂျပန်ကိုရောက်စအစပိုင်းမှာ သည်လိုဖိစီးမှုပေါင်းများစွာကို ကျော်ဖြတ်နိုင်အောင် ကျွန်မတို့ ဘယ်လိုကြိုးစားကြမည်နည်း။ အကောင်းဆုံးကတော့ ဒါအစမို့လို့ပါဟု နားလည်ထားရပါမည်။ တကယ်လည်း အစဆိုလျှင် ဘယ်အရာမဆိုခက်ခဲသော်လည်း သိသွားလျှင် လွယ်သွားသည်။ သဘောပေါက်သွားလျှင် မခက်ခဲတော့။ သည်တော့ တဖြေးဖြေးနှင့် နားလည်လာမည်။ နားလည်လာတော့ လုပ်တတ်လာမည်။ လုပ်တတ်လာတော့ လုပ်နိုင်လာမည်။ လုပ်နိုင်လာတော့ ကျွမ်းကျင်လာမည်။ ကျွမ်းကျင်လာတော့နောက်ပိုင်းမှာ သူ့လိုလို လုပ်ဖြစ်သွားသည်။ သည်လိုလုပ်နိုင်သွားသည်ဆိုတာကို ကိုယ်ကိုတိုင်ပင် သတိမထားလိုက်မိတော့ဘဲ သူ့အလိုလို အသက်ဝင်လှုပ်ရှားသွားကြမည်သာ ဖြစ်ပါသည်။

သည်သဘောလေးကို နလုံးသွင်းထားမည်ဆိုပါက လက်ရှိအခက်အခဲများကို ရင်ဆိုင်ဖို့က အတော်လေး စိတ်သက်သာရာရသွားမည်ဖြစ်ပါသည်။ ကျွန်မဆိုလျှင်လည်း ရောက်ခါစက

**"သူတို့အလိုက်အထိုက်ကလေးတွေကို ပါးပါးနပ်နပ်ကလေး သိနိုင်ဖို့ ကြိုးစားရင်း ပေးအပ်သည့်တာဝန်ကို မဒိမကပ် စေတနာလေး ထည့်ပြီးသွက်သွက် လက်လက် ဖျတ်ဖျတ်လတ်လတ်နှင့် ကြိုးစားမည်။**

နင်လားဟဲ့ ငါလားဟဲ့တွေနှင့် ရင်ဆိုင်ခဲ့ရသမျှအခုတော့ နေ့စဉ်ဘဝတွေထဲမှာ နေသားကျလို့။ ရောက်ပြီးကာစ ပထမသုံးလကတော့ မသိတာတွေအတော်လေးများနေသည့်အပြင် ကိုယ်မသိသည့် အစိမ်းသက်သက်လမ်းထက်မှာ အတော်လေးလည်း အလူးအလဲခံရပါသည်။ ကျောင်းသွားလျှင်တောင် လမ်းပျောက်မှာ စိုး၍ ကိုယ်သွားနေကြလမ်းကလွဲပြီး မသွားတတ်၊ မသွားရဲသေးသည့်အခြေအနေမျိုး ပြီးလျှင် နောက်သုံးလကတော့ နေသားမကျတကျလေး ဖြစ်နေသေးသော်လည်းကိုယ့်ကိုယ်ကိုပြန်လည်ထိန်းချုပ်နိုင်လာသည်။ ပြန်လည်သုံးသပ်ပြီး အကောင်းဆုံးလမ်းကို ရှာတတ်လာသည်။ ကျောင်းသွားသည့်အခါဟိုလမ်း သည်လမ်းစူးစမ်းပြီး သွားတတ်လာသည်။ သိပ်မကြောက်တတ်တော့။

ခြောက်လလောက်ဖြစ်သွားပြီဆိုတာနှင့် ဟိုလမ်းဝင်သည်လမ်းထွက် အတိုဆုံးနှင့်အမြန်ဆုံးလမ်း ဒါတင်မက ဖြတ်လမ်း မီးပွိုင့်နည်းသည့်လမ်း စသည်စသည်ဖြင့် ရွေးတတ်ချယ်တတ်သွားတတ်လာတတ် လာပါတော့သည်။ သည်တော့ သည်အခြေအနေအနေအထားမျိုးလေးအထိ မရောက်သေးခင်ကာလမှာ ပုံမှန်ထက် နည်းနည်းလေး သည်းခံလိုက်ဖို့ပဲ လိုအပ်သည်ဟု ကျွန်မကတော့ ထင်မြင်ခံစားမိပါသည်။

CamScanner

သည်ကာလအတောအတွင်းမှာ ကျွန်မတို့ စိတ်ပျော်ပျော်ရွှင်ရွှင်လေးနှင့် ဖြတ်သန်းနိုင်အောင် ဘာလုပ်ကြမည်နည်း။ အိမ်နှင့်စကားပြောခြင်း၊ သူငယ်ချင်းများနှင့်အုပ်စုဖွဲ့နေထိုင်ခြင်း၊ ပတ်ဝန်းကျင်အနီးအနားမှ လျှောက်လည်၍ရသည့်နေရာလေးများကို သူငယ်ချင်းများနှင့်လျှောက်၍လည်ခြင်း၊ ဘုရား ရှိခိုးပုတီးစိပ်ခြင်း၊ ဖေ့စ်ဘုတ်သုံးခြင်း၊ ဖေ့စ်ဘုတ်မှာသူငယ်ချင်းများတိုးပွားအောင်လုပ်ခြင်း၊ပတ်သက်ဆက်နွယ်မှု ရှိသည့်သတင်းအချက်အလက်များကို သိရှိအောင် လေ့လာခြင်း၊ ဥပမာဂျပန်နိုင်ငံမှာအချိန်ပိုင်းအလုပ်ကိုဘယ်လိုရှာရမည်။ ကျန်းမာရေးအတွက် အာမခံ ဘယ်လိုထားကြသည်။ ဘာကတော့သိထားသင့်သည်။ ဘာကတော့ မသိသေးသည့်အတွက် သိပြီးသူများထံမှမေးမည်။ ရေးသားထားသောဆောင်းပါးများ သိသင့်သိထိုက်သည်များအား ဖတ်ရှုမှတ်သားမည်စသည်တို့ကို ပြုလုပ်မည်ဆိုပါကအတန်အသင့်စိတ်ပြေပျောက်မှုကို ရနိုင်သည့်အပြင် အသိမိတ်ဆွေသူငယ်ချင်းများ တိုးပွားလာရုံတင်သာမက ကိုယ့်မှာလည်းအတွေ့အကြုံဗဟုသုတများ ကြွယ်ဝလာမည် ဖြစ်ပါသည်။ စာကတော့ ပုံမှန်လေး လုပ်သွားမည်ဆိုပါက နေ့တရုဝကြားနေမြင်နေရသည့်အတွက် အတတ်မြန်ပါသည်။

ကိုယ်က စာလုပ်လျှင် လုပ်သည့်အားလျော်စွာ သိသိသာသာ ဘာသာစကားစွမ်းရည် တိုးတက်လာသည်ကို လက်တွေ့ခံစားလာရပါလိမ့်မည်။ သည်တော့ ဂျပန်လူမျိုးများနှင့် လုပ်ငန်းခွင်ဖိစီးမှုမှ သက်သာအောင် ဘယ်လိုလုပ်ကြမည်နည်း။ သူတို့အလိုက်အထိုက်ကလေးတွေကို ပါးပါးနပ်နပ်ကလေး သိနိုင်ဖို့ ကြိုးစားရင်း ပေးအပ်သည့်တာဝန်ကိုမနိမကပ်စေတနာလေးထည့်ပြီး သွက်သွက်လက်လက်ဖျတ်ဖျတ်လတ်လတ်နှင့် ကြိုးစားမည်။ မှန်သောစကားကိုသာ အရိုးသားဆုံး ပြောမည်။ မှားသွားလျှင် တောင်းပန်ဖို့ ဝန်မလေး။

ကိုယ့်အမှားကို ကိုယ် တာဝန်ယူမှု အပြည့်အဝထားသည့်စိတ်ဓာတ်မျိုးထားရှိမည်။ အလုပ်ထဲမှာ ပြုံးပြုံးရွှင်ရွှင်လေးနှင့် မမေ့မလျော့ နှုတ်ဆက်စကားကိုလိုက်လိုက်လှဲလှဲကိုယ်ကဦးအောင်ပြောမည်။ နောက်တစ်ခုက ဂျပန်လူမျိုးများက ကိုယ်က တစ်ခုပေးလျှင် သူက အနည်းဆုံးတစ်ခု၊ တခါတခါမှာ တစ်ခုမက ပြန်ပေးတတ်သည့်သူများဖြစ်သည့်အတွက် ဒီအလေ့အထလေးကိုလည်း ကောင်းကောင်းအသုံးချတတ်ကြရပါမည်၊ ဆိုလိုသည်ကတော့ ကျွန်မ Seven Eleven မှာ အလုပ်စဝင်သည့်အခါတုန်းက ကျွန်မနှင့် မတည့်သည့် ကျွန်မအထက်မန်နေဂျာနှင့် ဘယ်လိုမှ အဆင်မပြေသည့်အဆုံးမှာ လကုန်သည့်လစာထုတ်သည့်အခါတိုင်း ဆိုင်ထဲမှ သူကြိုက်တတ်သည့် စားလေ့စားထရှိသည့်အရာလေးများကို တစ်ခုမဟုတ် တစ်ခုဝယ်ပြီး လက်ဆောင်ပေးလိုက်ပါသည်။

ပေးရင်းနှင့်လည်း ပြောပါသည်။ ငါ့အပေါ်မှာ အမျိုးမျိုးသင်ပြပေးခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ သိပ်အဖိုးမတန်ပေမယ့်လို့ ငါ့လစာထုတ်တဲ့နေ့မှာငါ့လစာနှင့်ဝယ်ပေးတဲ့လက်ဆောင်လေးကိုတော့ လက်ခံပေးပါဆိုပြီး အမြဲပေးပါတယ်။ တကယ်က ယန်း ၃၀၀ ၄၀၀ နှင့် ၅၀၀ လောက်အတောအတွင်းလေးပဲ ဖြစ်ပေမယ့်လို့ သည့်ထက်မကအပြန်အလှန်တုံ့ပြန်မှုလေးတွေကို ပြန်ရခဲ့ပါတယ်။ ကိုယ်ကလည်း မျှော်ကိုးပြီးလုပ်ပေးခဲ့တာမျိုးလည်း မဟုတ်ပါဘူး။ တကယ့်စိတ်ရင်းအမှန်နှင့် ကျေးဇူးတင်စကားပြောပြီးပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ သည်တော့ နောက်ဆက်တွဲဘာတွေဖြစ်လာသလဲဆိုတော့ ကိုယ့်ကို လက်ဆောင်လေးတွေ ပြန်ပေးလာသည်။ အလုပ်ထဲမှာ ကိုယ့်ကို ကာကွယ်ပေးလာသည်။ ကူညီပြီးပြန်လုပ်ပေးလာသည်။ အရင်ကထက် ပိုပြီးရင်းရင်း

**သေချာတာကတော့ ဂျပန်နိုင်ငံဆိုတာ ကျွန်မတို့အတွက် ဘဝဆိုသည့်စစ်မြေပြင်မှာ ရှုပ်ရှုပ်ချချတိုက် ပွဲဝင်နိုင်ဖို့အတွက် စည်းကမ်းကြီးကြီးနှင့် ရက်ရက်စက်စက်သင်တန်းပေးသည့် စစ်သင်တန်းကျောင်းတစ်ခု။**

နှီးနှီးဖြစ်လာခဲ့ပြီး အခုဆိုရင် တိုင်ပင်ဖော်တိုင်ပင်ဖက်တွေတောင် ဖြစ်ကုန်ပါပြီ။ ဒါတင်မက အချိန်အားလေးများရလျှင် ဂျပန်လူမျိုးတွေ၏ တွေးခေါ်စဉ်းစားပုံ အစားအသောက်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ စသည်တို့ကိုလည်း သင်ပြပြောပြပေးပါသည်။

အလုပ်ခွင်ထဲမှာဆိုလျှင်လည်း မည်သို့မည်ပုံကြိုးစားရမည် လုပ်ဆောင်ရမည်ဆိုသည့် အကြောင်းများကို စိတ်ဝင်စားဖွယ် ဥပမာလေးနှင့် ရှင်းပြပြောပြပေးပါသည်။ သည်တော့ ကျွန်မသည်လည်းဂျပန်လူမျိုးများနှင့်ပတ်သက်၍သည်သို့သည်ပုံနားလည်ခဲ့ရပါသည်။ ဂျပန်လူမျိုးများ၏အလုပ်အပေါ်မှာ သူတို့ထား သည့်တင်းကျပ်သည့်စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည့်မီဖို့ရန်အတွက်အလုပ်ခွင်ထဲမှာဆိုလျှင်အသုံးဝင်သည့်သူတစ်ယောက်ဖြစ်အောင်အမြဲကြိုးစားနိုင်ပါမှ လူရာအသွင်းခံရမည်ဖြစ်ပါသည်။သူတို့ဂျပန်လူမျိုးတွေဆိုတာမျိုးက သူ့အတွက် အလုပ်လုပ်ပေးနိုင်သရွေ့ အမြဲနေသာနေမည်ဖြစ်သော်လည်းသူတို့အတွက်မျှော်လင့်ထားသည့်အတိုင်းအတာတစ်ခုအပေါ်မှာ မစွမ်းဆောင်ပေးနိုင်တော့တဲ့နေ့ နေဝင်သွားမှာဖြစ်ပါသည်။ သူတို့၏ဝါဒက လူအလေးထားဝါဒမျိုးမဟုတ်၊ အလုပ်အပေါ်မှာ သာဖဟိုပြုနေသည့်အဆင့်အတန်းသတ်မှတ်ချက်မျိုးဟု သူက ပြောပြပါသည်။

သည်တော့ သူတို့လူမျိုးတွေ တစ်နေ့တစ်နေ့ လုပ်ငန်းခွင်ထဲမှာ ဖိစီးမှုများစွာနှင့် အသေအလဲ အလုပ်လုပ်ကြရသည်။ ကိုယ့်နေရာလေးမြဲဖို့အတွက် အသိအမှတ် အပြုခံရဖို့အတွက် သူတို့၏ခြေလှမ်းများ နောက်ကျန်ထားခဲ့လို့မရ၊ သည်တော့ သန်မာသောခြေလှမ်းများဖြစ်အောင် ကြိုးစား ကြိုးစားရင်းနှင့်ပြေး။ အချိန်နောက်မကျရအောင်ပြေး၊ ကတိစကားတစ်ခွန်းအတွက် ပြေး၊ အရည်အချင်းတန်ဖိုးသတ်မှတ်ချက်တစ်ခုအတွက် ပန်းတိုင်ကို ရောက်အောင် ပြေး။ ပြေးပြီးရင်း ပြေးနေရသည့်ဘဝမျိုးဟု ပြောပါသည်။

သည်တော့ ကျွန်မတို့သည်လည်း မိမိ၏ခြေထောက်များကို သန်မာအောင် အပြေးလေ့ကျင့်ရင်း မနေ့ကထက် သည်နေ့ ပိုပြီးသန်မာလာအောင် ကြံ့ခိုင်လာအောင် ပြေးနိုင်လာအောင် ကြိုးစားရင်းနှင့် စိတ်ဖိစီးမှုများမှ ပြေးထွက်လွတ်မြောက်နိုင်ကြရလေအောင်၊ ဖီးနစ်ငှက်တစ်ကောင်လို သေဆုံးခြင်းမှ အကြိမ်ကြိမ်အခါခါပြန်လည်ရှင်သန်ထမြောက်နိုင်သူများ ဖြစ်ကြရလေအောင် မိမိနှလုံးသားကိုမိမိအသင့်ပြင်ဆင်ပြီး ပြေးနိုင်ကြသူများ ဖြစ်ကြရလေအောင်...။

သေချာတာကတော့ ဂျပန်နိုင်ငံဆိုတာ ကျွန်မတို့အတွက် ဘဝဆိုသည့် စစ်မြေပြင်မှာ ရှုပ်ရှုပ်ချချ တိုက်ပွဲဝင်နိုင်ဖို့အတွက် စည်းကမ်းကြီးကြီးနှင့် ရက်ရက်စက်စက် သင်တန်းပေးသည့်စစ်သင်တန်းကျောင်းတစ်ခု။ သည်ကျောင်းတော်ကြီးမှာ ပညာသင်ပြီးသွားပြီဆိုလျှင်တော့ ဘယ်လိုစစ်မြေပြင်မျိုးမှာမဆို တိုက်ရဲ ခိုက်ရဲသည့်တိုက်နိုင်ခိုက်နိုင်သည့်စစ်သူရဲကောင်းများအဖြစ်ဆီသို့ အမှန်မလွဲ ရောက်နိုင်မည်ဖြစ်ပါကြောင်း ခံစားနားလည်မိရင်းနှင့် . . .။

**(ဆက်လက်ဖော်ပြပါမည်။)**

CamScanner